သတင်းထုတ်ပြန်ချက်
ဇွန် ၇ ရက် ၂၀၁၆

**ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ) က 'ခေါင်းဆောင်မှုနေရာမှ အမျိုးသမီးများ' အခမ်းအနားတွင် အမျိုးသမီးပညာရှင်များကွန်ယက် ကို စတင်မိတ်ဆက်**

ဗြိတိသျှကုန်သည်ကြီးများအသင်း က ယနေ့ကျင်းပပြုလုပ်သည့် ထင်ရှားသည့်အခမ်း အနား တစ်ခုတွင် ဗြိတိသျှကုန်သည်ကြီးများအသင်း၏ အမျိုးသမီးပညာရှင်များကွန်ယက်ကို စကော့ တလန်လုပ်ငန်းမှ CEO၊ ဧည့်ပေါ်ဟောပြောသူ ဗြိတိသျှ အမျိုးသမီး Dr Lena Wilson CBE က စတင်မိတ်ဆက်ပေးခဲ့ပါသည်။

စကော့တလန်၏ အင်အားကြီးသော အထင်ကရအမျိုးသမီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အနက် တစ်ဦးဖြစ်သူ Dr Wilson က ကမ္ဘာ့စီးပွားရေးတွင် အမျိုးသမီးများအပြည့်အဝ ပါဝင်ခြင်း၏ အကျိုးကျေးဇူးများ၊ အမျိုးသမီးများသည်လည်း မိမိတို့နိုင်ငံ၏ အနာဂတ် စီးပွားရေးတွင် အမျိုး သမီး ကဏ္ဍမှ အပြည့် အဝ ပါဝင်နိုင်ရန်အလို့ငှာ အတားအဆီးများကို ဖြိုခွဲကျော်ဖြတ်ရာတွင် ရည်မှန်းချက်ထားရှိမှုနှင့် ပညာရေးသည်အရေးပါကြောင်းတို့နှင့် စပ်လျဉ်းပြီး သူမ၏ သဘောထား အမြင်များကို မျှဝေခဲ့ပါသည်။ နိုင်ငံစုံ ပြည်သူ့ကဏ္ဍအဖွဲ့အစည်းကြီးတစ်ခု၏ CEO အဖြစ်နှင့် FTSE ၁၀၀ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင် တစ်ဦးအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေ ပုံ အပါအဝင် ၂၅နှစ်တာ လုပ်ငန်းလုပ်ဆောင်မှုတွင် တွေ့ကြုံခဲ့ ရသည့် သူမ၏ ဦးဆောင်မှုပုံစံမှ ကိုယ်တွေ့ ဖြစ်ရပ်များကို  သူမ၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

အမျိုးသမီးပညာရှင်များကွန်ယက်သည် မြန်မာ့စီးပွားရေးအသိုင်းအဝန်းရှိ အမျိုးသမီးများ၏ အသံများကို တင်ပြနိုင်မည့် နေရာတစ်ခုအဖြစ် အောက်ပါရည်ရွယ်ချက်များနှင့် ရပ်တည်သွားမည် ဖြစ်ပါသည်။

- ထိရောက်သော၊ ထောက်ပံ့ကူညီပေးသော စီးပွားရေးကွန်ယက်များတည်ဆောက်ခြင်း
- ပညာရှင်ဆန်သောကျွမ်းကျင်မှုနှင့် ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်မှု
- အတွေး၊ အသိပညာနှင့် အတွေ့အကြုံများဖလှယ်ခြင်း

လုပ်ငန်းအခြေပြုအခမ်းအနားများကို ပုံမှန်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အလုပ်လုပ်နေသော အမျိုးသမီးများအနေဖြင့် အခြားကဏ္ဍစုံမှ ကျွမ်းကျင်ပညာရှင်များထံမှ အတွေ့အကြုံများ နားထောင်ခွင့် ရမည်ဖြစ်ပါသည်။

စကော့တလန်လုပ်ငန်းမှ CEOဖြစ်သူ Dr Lena Wilson CBE က “ အမျိုးသမီး စီးပွားရေး ပညာရှင်များကွန်ယက်၏ အင်အားကို ကိုယ်တိုင်ကြုံတွေ့ရသည့်အခါ မြန်မာအမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်  အဆိုပါ အသစ်တည်ထောင်လိုက်သော ကွန်ယက်မှ အကျိုးကျေးဇူးများ

စွာ ရရှိလာမယ်ဟု ယုံကြည်ပါတယ်။ မြန်မာနိုင်ငံက စိတ်လှုပ်ရှားစရာကောင်းတဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ခရီးရှည်ကြီးဆီကို ချီတက်တော့မှာဖြစ်ပါတယ်။ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသမီးတွေရဲ့အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။ ဒီကွန်ယက် က အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို ကြီးထွားစေမယ့်နေရာတစ်ခု ဖန်တီးပေးပြီး ပိုမိုပါဝင်ခွင့် ပေးမှာဖြစ်ပါတယ်" ဟုပြောကြားခဲ့ပါသည်။

## အယ်ဒီတာမှတ်စု

### စကော့တလန်လုပ်ငန်းမှ CEOဖြစ်သူ Dr Lena Wilson CBE

Dr. Lena Wilson သည် စကော့တလန်၏ အင်အားအကြီးဆုံး အထင်ကရအမျိုးသမီးများအနက် တစ်ဦးဖြစ်ပြီး ကမ္ဘာ့စီးပွားရေးသံတမန်တစ်ဦးလည်းဖြစ်ကာ နိုင်ငံ၄၀ အတွင်းရှိ ဖွံ့ဖြိုးစ တက်သစ်စ ဈေးကွက်များ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်ဝါရင့် အကြံပေးတစ်ဦးလည်းဖြစ်ပါသည်။ မော်လ်တာတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သည့် အမျိုးသမီးများဖိုရမ်ဖွင့်ပွဲနှင့် ဓနသဟာရနိုင်ငံအကြီးကဲများညီလာခံ၏ စီးပွားရေးဖိုရမ်တို့တွင် အရေးပါသောမိန့်ခွန်းကို ပြောကြားခဲ့ပါသည်။

### ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ)

ဗြိတိသျှကုန်သည်ကြီးများအသင်းတွင် အသင်းသား ကုမ္ပဏီ ၂၀၀ ရှိပြီး အထင်ကရ မြန်မာ ၊ ဗြိတိသျှ၊ အာဆီယံနှင့် ဥရောပလုပ်ငန်းကြီးများ ပါဝင်ပါသည်။ အသင်းကြီးသည် စီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသူများ ပုံမှန် တွေ့ဆုံနိုင်ရန် ချိတ်ဆက်ပေးခြင်း၊ မြန်မာနိုင်ငံ တွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် သိသင့်သိထိုက်သည့် အချက်အလက်များကို အချိန်နှင့်တပြေးညီ ဖော်ပြပေးခြင်း၊ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်လိုသည့် ဈေးကွက်ရှာဖွေသူ များအနေဖြင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအတွက် အကြံပြုပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိ ပါသည်။ အသင်းကြီးသည် မြန်မာနိုင်ငံတွင် ဗြိတိသျှကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမို ပွင့်လင်း လာစေရန်အလို့ငှာ ယူကေကုမ္ပဏီများအတွက် အခွင့်အရေးကောင်းများမြှင့်တင်ဆောင်ယူပေးပြီး ဈေးကွက်ဝင်ရောက်မှုဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

အသေးစိတ်ကို www.britishchambermyanmar.com တွင် ကြည့်ရှုနိုင်ပါသည်။

### ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ)

လေးလွှာ
အမှတ် ၁၉၂၊ ပိုလ်မြတ်ထွန်းလမ်း (အလယ်ဘလောက်)
ပုဇွန်တောင်မြို့နယ်
ရန်ကုန်
အသေးစိတ်သိရှိလိုပါက stephanie@britishchambermyanmar.com သို့ဆက်သွယ် မေးမြန်းနိုင်ပါသည်။